## (၂၃-၄-၂၀၂၁) မှ (၂၉-၄-၂၀၂၁ ) ထိ စက်သုံးဆီ ( ဓာတ်ဆီ၊ ဒီဇယ်ဆီ ) ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

၁။ ကမ္ဘာ့လောင်စာဆီ ဈေးကွက်အခြေအနေအား လေ့လာကြည့်ရာတွင် **ဓာတ်ဆီဈေးနှုန်းသည်** ၂၀၂၁ ခုနှစ်၊ ဧပြီလ (၂၈) ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း (၁၂၄)နိုင်ငံအနက် Lesotho နိုင်ငံသည် ယခင်အပတ် ဈေးနှုန်းထက် (၁၃.၂၀ %) ဖြင့် ဈေးနှုန်း မြင့်တက်မှု အမြင့်ဆုံး နိုင်ငံဖြစ်ခဲ့ပြီး အီဂျစ်နိုင်ငံတွင် (၂.၉၀ %)၊ ကနေဒါနိုင်ငံတွင် (၂.၆၀ %)နှင့် ဂျမေကာ နိုင်ငံတွင် (၂.၂၀ %) ဖြင့် ဈေးနှုန်းများ မြင့်တက်ခဲ့ပြီး ဈေးနှုန်း မြင့်တက်ခဲ့သည့် နိုင်ငံပေါင်း (၃၄) နိုင်ငံရှိကြောင်း တွေ့ရှိရပါသည်။

၂။ ယခုတစ်ပတ်အတွင်း ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်၊ တရုတ်၊ ဟောင်ကောင်၊ အိန္ဒိယ၊ ကင်ညာ၊ ဘူတန်၊ ကိုလံဘီယာ၊ အစ္စရေးနှင့် အီတလီ စသည့် နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း (၇၂) နိုင်ငံတွင် ယခင်အပတ် ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်း မရှိဘဲ ဓာတ်ဆီဈေးနှုန်း တည်ငြိမ်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

၃။ ဓာတ်ဆီဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ပိုလန်၊ လက်ဘနွန်၊ ထိုင်ဝမ်၊ နော်ဝေ၊ ဆွီဒင်၊ နယူးဇီလန်နှင့် ဒိန်းမတ် စသည့်နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း (၁၈) နိုင်ငံရှိပြီး ယခင်တစ်ပတ် ဈေးနှုန်းထက် (၀.၂၀ %) မှ (၃.၃၀ %) ထိ ဈေးနှုန်း ကျဆင်းခဲ့ကြောင်း တွေ့ရှိရပါသည်။

၄။ အာဆီယံနိုင်ငံများ၏ ၂၀၂၁ ခုနှစ်၊ ဧပြီလ (၂၈) ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်းများအနေဖြင့် ယခင်အပတ်နှင့် နှိုင်းယှဉ်လျှင် မြန်မာနိုင်ငံတွင် (၁.၀၀ %) နှင့် ဖိလစ်ပိုင်နိုင်ငံတွင် (၀.၅၀ %) တို့ဖြင့် ဈေးနှုန်း မြင့်တက်ခဲ့ပြီး ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်း အပြောင်းအလဲမရှိ တည်ငြိမ်နေကြောင်း လေ့လာ တွေ့ရှိရပါသည်။

၅။ **ဒီဇယ်ဆီဈေးနှုန်းသည်** ၂၀၂၁ ခုနှစ်၊ ဧပြီလ (၂၈) ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း (၁၂၄) နိုင်ငံအနက် Lesotho နိုင်ငံသည် ယခင်အပတ် ဈေးနှုန်းထက် (၈.၉၀ %) ဖြင့် ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်ခဲ့ပြီး ဂျမေကာ နိုင်ငံတွင် (၂.၄၀ %)၊ Panama နိုင်ငံတွင် (၁.၉၀ %)နှင့် ဖိလစ်ပိုင် နိုင်ငံတွင် (၁.၈၀ %) ဖြင့် ဈေးနှုန်းများ မြင့်တက်ခဲ့ပြီး ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း (၃၂) နိုင်ငံရှိကြောင်း တွေ့ရှိရပါသည်။

၆။ ယခုတစ်ပတ်အတွင်း ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်၊ တရုတ်၊ ဟောင်ကောင်၊ အိန္ဒိယ၊ ဂျပန်၊ ဘူတန်၊ ကိုလံဘီယာ၊ ဒိန်းမတ်နှင့် အစ္စရေး စသည့် နိုင်ငံများအပါအဝင် နိုင်ငံပေါင်း (၇၇) နိုင်ငံတို့တွင် ယခင် အပတ်များအတိုင်း ဈေးနှုန်း အပြောင်းအလဲ မရှိဘဲ ဒီဇယ် ဈေးနှုန်း တည်ငြိမ်လျက် ရှိကြောင်း တွေ့ရှိရပါသည်။

၇။ ဒီဇယ်ဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် တောင်ကိုရီးယား၊ လက်ဘနွန်၊ နယူးဇီလန်၊ ထိုင်ဝမ်နှင့် ဆွီဒင် စသည့်နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း (၁၅) နိုင်ငံရှိပြီး ယခင် တစ်ပတ် ဈေးနှုန်းထက် (၀.၁၀ %) မှ (၀.၉၀ %) ထိ ဈေးနှုန်း ကျဆင်းခဲ့ကြောင်း တွေ့ရှိရ ပါသည်။

၈။ အာဆီယံနိုင်ငံများ၏ ၂၀၂၁ ခုနှစ်၊ ဧပြီလ (၂၈) ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းများအနေဖြင့် ယခင်အပတ်နှင့် နှိုင်းယှဉ်လျှင် ဖိလစ်ပိုင် နိုင်ငံတွင် (၁.၈၀ %)နှင့် မြန်မာနိုင်ငံတွင် (၁.၁၀ %) တို့ဖြင့် ဈေးနှုန်း မြင့်တက်ခဲ့ပြီး ကျန်အာဆီယံ နိုင်ငံများတွင် ဈေးနှုန်း အပြောင်းအလဲမရှိ တည်ငြိမ်နေခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။ အာဆီယံ နိုင်ငံများ၏ ၂၀၂၁ ခုနှစ်၊ ဧပြီလ (၂၈) ရက်နေ့တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ် (၁) လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်–

တန်ဖိုး– အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၀.၇၀ | ၀.၆၃ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၇၃ | ၀.၇၃ |
| ၃ | ထိုင်း | လီတာ | ၁.၁၁ | ၀.၇၇ |
| ၄ | ဗီယက်နမ် | လီတာ | ၀.၈၃ | ၀.၆၂ |
| ၅ | စင်ကာပူ | လီတာ | ၁.၇၃ | ၁.၃၉ |
| ၆ | မလေးရှား | လီတာ | ၀.၅၀ | ၀.၅၃ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၁.၀၅ | ၀.၈၃ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၁.၀၄ | ၀.၈၀ |
| ၉ | လာအို | လီတာ | ၁.၀၅ | ၀.၈၇ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

၉။ ၂၀၂၁ ခုနှစ်၊ ဧပြီလ (၂၈) ရက်နေ့တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့စက်သုံးဆီ ဈေးနှုန်းမှာ ဓာတ်ဆီ (၁) လီတာတွင် အမေရိကန်ဒေါ်လာ (၁.၁၅) နှင့် ဒီဇယ်

ဆီ (၁) လီတာတွင် အမေရိကန်ဒေါ်လာ (၁.၀၂) ရှိပြီး စက်သုံးဆီ ဈေးနှုန်း နိုင်ငံအလိုက် နည်း/များတွင် မြန်မာနိုင်ငံသည် ဓာတ်ဆီဈေးနှုန်း (၁) လီတာ (၀.၇၀) ဒေါ်လာနှုန်းဖြင့် (၂၈) နိုင်ငံမြောက်နှင့် ဒီဇယ်ဆီဈေးနှုန်း (၁) လီတာ (၀.၆၃) ဒေါ်လာနှုန်းဖြင့် (၂၉) နိုင်ငံမြောက်တွင် ရှိနေကြောင်း တွေ့ရှိရပါသည်။ ယခုတစ်ပတ်တွင် ဓာတ်ဆီ၊ ဒီဇယ် ဈေးနှုန်း အနည်းဆုံး/ အများဆုံး နိုင်ငံများစာရင်းကို (၁) လီတာ ဈေးနှုန်းများဖြင့် အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

**တန်ဖိုး- အမေရိကန်ဒေါ်လာ**

| စဉ် | ဓာတ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဓာတ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | ဗင်နီဇွဲလား | လီတာ | ၀.၀၂ | ဟောင်ကောင် | လီတာ | ၂.၄၇ |
| ၂ | အီရန် | လီတာ | ၀.၀၆ | နယ်သာလန် | လီတာ | ၂.၁၂ |
| ၃ | အင်ဂိုလာ | လီတာ | ၀.၂၄ | နော်ဝေ | လီတာ | ၂.၀၅ |
| ၄ | အယ်လ်ဂျီးရီးယား | လီတာ | ၀.၃၅ | ဖင်လန် | လီတာ | ၁.၉၆ |
| ၅ | ကူဝိတ် | လီတာ | ၀.၃၅ | ဂရိ | လီတာ | ၁.၉၄ |

**တန်ဖိုး- အမေရိကန်ဒေါ်လာ**

| စဉ် | ဒီဇယ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဒီဇယ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | အီရန် | လီတာ | ၀.၁၂ | ဟောင်ကောင် | လီတာ | ၂.၀၈ |
| ၂ | ဆော်ဒီအာရေဗျ | လီတာ | ၀.၁၄ | ဆွီဒင် | လီတာ | ၁.၈၁ |
| ၃ | အင်ဂိုလာ | လီတာ | ၀.၂၁ | အစ္စရေး | လီတာ | ၁.၈၃ |
| ၄ | အယ်လ်ဂျီးရီးယား | လီတာ | ၀.၂၂ | နော်ဝေ | လီတာ | ၁.၈၀ |
| ၅ | အီကွေဒေါ | လီတာ | ၀.၃၈ | UK | လီတာ | ၁.၈၀ |

၁၀။ မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံး ဆောင်ရွက်နေသော တရုတ်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံတို့၏ စက်သုံးဆီ (၁) လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

**တန်ဖိုး- အမေရိကန်ဒေါ်လာ**

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၁.၁၀ | ၀.၉၆ |
| ၂ | ဂျပန် | လီတာ | ၁.၃၆ | ၁.၁၆ |
| ၃ | အိန္ဒိယ | လီတာ | ၁.၂၄ | ၁.၁၃ |


၁၁။ Oil-Price.Net Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့ရေနံစိမ်း (Crude Oil) နေ့စဉ် ဈေးနှုန်းများအား တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ရက်စွဲ | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|---|
| ၁ | ၂၃.၄.၂၀၂၁ | စည် | ၆၁.၅၅ |
| ၂ | ၂၆.၄.၂၀၂၁ | စည် | ၆၁.၉၁ |
| ၃ | ၂၇.၄.၂၀၂၁ | စည် | ၆၂.၉၄ |
| ၄ | ၂၈.၄.၂၀၂၁ | စည် | ၆၃.၈၆ |

source : http://www.oil-price.net/

၁၂။ ၂၀၂၁ ခုနှစ်၊ မတ်လ (၁) ရက်နေ့မှ ဧပြီလ (၂၆) ရက်နေ့ထိ အပတ်စဉ် ဓါတ်ဆီ၊ ဒီဇယ်နှင့် ရေနံစိမ်းဈေးနှုန်း ပြောင်းလဲမှုများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-




၁၃။ ပြည်တွင်းစက်သုံးဆီဈေးကွက်သတင်းအနေဖြင့် မြန်မာနိုင်ငံသည် စက်သုံးဆီများကို အဓိကအားဖြင့် စင်ကာပူနိုင်ငံမှ တင်သွင်းလေ့ရှိပြီး လစဉ် စက်သုံးဆီတင်သွင်းမှုသည် ဓာတ်ဆီ တန်ချိန် ၂၀၀၀၀၀ တန်နှင့် ဒီဇယ်ဆီ တန်ချိန် ၄၀၀၀၀၀ တန်ကို တင်သွင်းလျက် ရှိကြောင်း သိရှိရပါသည်။ အာရှနိုင်ငံများတွင် ကိုရိုနာဗိုင်းရပ်စ်ရောဂါ ထိန်းချုပ်ကာကွယ်ရန်အတွက်

ကန့်သတ်ချက်များနှင့် လော့ဒေါင်းချထားမှုများ မြင့်တက်လာခြင်း၊ ဒေါ်လာငွေဈေး မြင့်တက်လာခြင်းများကြောင့် ရေနံဝယ်လိုအားအပေါ် စိုးရိမ်မှုများ ဖြစ်ပေါ်နေခဲ့သော်လည်း ပြည်တွင်း စက်သုံးဆီဈေးကွက်တွင်လည်း သုံးလအတွင်း ၃၀ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း သိရှိရပါသည်။

၁၄။ ပြည်တွင်းစက်သုံးဆီဆိုင် Yangon Denko ၏ လက်လီရောင်းဈေး ဖော်ပြချက်အရ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ အစောပိုင်းတွင် Octane 92 တစ်လီတာလျှင် ၅၉၀ ကျပ်၊ Octane 95 တစ်လီတာလျှင် ၆၁၀ ကျပ်၊ ဒီဇယ် တစ်လီတာလျှင် ၅၉၀ ကျပ်နှင့် ပရီမီယံ ဒီဇယ် တစ်လီတာလျှင် ၆၀၅ ကျပ်ရှိကြောင်း သိရှိရပါသည်။ ထို့နောက် ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၈ ရက်နေ့တွင် Octane 92 တစ်လီတာလျှင် ၉၂၀ ကျပ်၊ Octane 95 တစ်လီတာလျှင် ၁၀၀၅ ကျပ်၊ ဒီဇယ် တစ်လီတာလျှင် ၉၂၀ ကျပ်နှင့် ပရီမီယံဒီဇယ် တစ်လီတာလျှင် ၉၃၀ ကျပ် ပေါက်ဈေးရှိနေကြောင်း သိရှိရပါသည်။

၁၅။ မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံးဆီ ဈေးနှုန်းများအား လေ့လာရာတွင် ကျိုင်းတုံမြို့တွင် ဓာတ်ဆီ တစ်ဂါလံလျှင် ၄၉၅၀ ကျပ်၊ ဒီဇယ် တစ်ဂါလံလျှင် ၄၈၆၀ ကျပ်၊ တောင်ကြီးမြို့တွင် ဓာတ်ဆီ တစ်ဂါလံလျှင် ၄၅၅၀ ကျပ်၊ ဒီဇယ် တစ်ဂါလံလျှင် ၄၅၀၀ ကျပ်၊ မော်လမြိုင်မြို့တွင် ဓာတ်ဆီ တစ်ဂါလံလျှင် ၄၇၄၇ ကျပ်၊ ဒီဇယ် တစ်ဂါလံလျှင် ၄၃၆၅ ကျပ်ဖြင့် အမြင့်ဆုံး ဖြစ်ပေါ်နေပြီး၊ မြိတ်မြို့တွင် ဓာတ်ဆီ တစ်ဂါလံလျှင် ၃၇၃၅ ကျပ်၊ ဒီဇယ် တစ်ဂါလံလျှင် ၃၈၂၅ ကျပ်၊ ထားဝယ်မြို့တွင် ဓာတ်ဆီ တစ်ဂါလံလျှင် ၃၂၈၅ ကျပ်၊ ဒီဇယ် တစ်ဂါလံလျှင် ၃၂၄၀ ကျပ်ဖြင့် အနည်းဆုံး ဖြစ်ပေါ်နေကြောင်း တွေ့ရှိရပါသည်။ မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီးများ၏ စက်သုံးဆီ ဈေးနှုန်းများမှာ ယခင်အပတ်နှင့် နှိုင်းယှဉ်လျှင် ဈေးနှုန်း အနည်းငယ် မြင့်တက်လျက်ရှိကြောင်း လေ့လာသုံးသပ် တင်ပြအပ်ပါသည်။